#အာရှကက်သလစ်ဆရာတော်ကြီးများမှအာရှလူထုထံပန်ကြားချက်

#Message from the FABC General Conference to the Peoples of Asia

Baan Phu Waan, Bangkok, 12-30 October 2022

အာရှတိုက်မှ ကက်သလစ်သာသနာတော်ကြီး၏ သိုးထိန်းများဖြစ်ကြသော ကျွန်ုပ်တို့အနေဖြင့် ဤပျော်ရွှင်စရာ၊ မျှော်လင့်ခြင်းနှင့်တပ်တူ ရှိနေကြောင်း အာရှတိုက်သားများအား သတင်းစကားပါးလိုက် ပါသည်။အာရှတိုက် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ အစည်းအဝေးကြီး အားဖြင့် အာရှတိုက်အားဘုရားသခင် ကောင်းကြီးအထူးသွန်းလောင်းခြင်းအတွက် ကျေးဇူးတင်ပါသည်။ ဤအဖွဲ့အစည်း၏အဖွဲ့ဝင်ထဲ၌ ဆရာတော် (၁၇) ပါး၊ အရှေ့တိုင်းဝိနည်း ကက်သလစ်သာသနာမှဆရာတော် (၂) ပါးတို့ပါဝင် ကြ သည်။ အစည်းအဝေးကြီး၏ဆောင်ပုဒ် မှာ ‘အာရှလူထုများအတူတကွ လျှောက်လှမ်းစို့’ ဖြစ်သည်။ ဤဆောင်ပုဒ်သည် လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကပင်အတူလျှောက်လှမ်းခဲ့ကြောင်း ဤဆောင်ပုဒ်ဖြင့် ပြန်လည် အတည်ပြုပါသည်။ ထို့အတူ ပို၍အသက်ဝင်လာစေရန်၊ လျှောက်လှမ်းအသစ်များကိုလည်းဖောက်လျှောက်ရမည်။

ကျွန်ုပ်တို့အားလှိုက်လှဲနွေးထွေးစွာကြိုဆိုပြီး၊ အစည်းအဝေးကြီးသို့လည်း ယဉ်ကျေးမှု ဝန်ကြီးအား ကြွရောက် စေသည့်အတွက် ထိုင်းတော်ဝင်အစိုးရအားကျေးဇူးတင်ပါကြောင်း၊ ထိုင်းနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်အားလည်းကျေးဇူးအထူးတင်ကြောင်း၊ အထူးသဖြင့် ဤထူးကဲသောနှစ် (၅၀) ပြည့်ရွှေရတုမင်္ဂလာနှစ်အား အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ပြုသော မြို့တော်ဘန်ကောက်၏ ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်အားကျေးဇူးတင်ကြောင်း၊ ဗာတီကန်၏ ကိုယ်စားလှယ်မှစ၍ အခြားသောကမ္ဘာ့တိုက်ကြီးများမှကိုယ်စားလှယ်များလည်း ဤအစည်းအဝေးကြီး၌ပါဝင်ခြင်းအတွက်လည်းကျေးဇူးတင်ပါကြောင်း၊ ဤအစည်းအဝေးကြီး၌ အကျိုးရှိသော ဆုတောင်းခြင်းကို ပြုနိုင်ခြင်း၊ နားထောင် ခြင်း၊ ဆန်းစစ်ခြင်း၊ အချင်းချင်းအားပေးသည့် အသီးအပွင့်များကိုရရှိစေခဲ့ကြောင်း၊ ကိုးဗစ် (၁၉) ကြောင့်ထိခိုက်နာကျင်ခံစားခဲ့ရသောဒဏ်ကို ကုစားသောအချိန်လည်းဖြစ်ကြောင်း၊ကျွန်ုပ်တို့၏တင်ပြဆွေးနွေးချက်များအားဖြင့် အာရှတိုက်၏ လိုအပ်ချက်များ၊ လစ်လပ်နေမှုများကိုထင်ဟပ်ပေါ်လွင်စေခဲ့ကြောင်း၊ အာရှတိုက်၏အခြေအနေများ ကိုပြန်လည်သုံးသပ်ပြီးနောက် အတူတကွရှေ့ဆက်လျှောက်လှမ်းရန် အတွက် အသိ၊ မျှော်လင့်ချက်၊ သတ္တိရရှိလာသကဲ့ သို့ အာရှ၏ကောင်းကျိုးအတွက် ဆုံးဖြတ်ချက်များ ကိုလည်းချမှတ်နိုင်ကြောင်း၊ ကမ္ဘာ့တိုက်ကြီးအသီးသီးမှ မတူညီသောစိန်ခေါ်မှုများ၏အကူအ ညီနှင့်တရားမျှတခြင်းကို တောင်းဆို နေမှုကိုလည်းကြုံရကြောင်း၊ချို့တဲ့နွမ်းပါးသူတို့၏ဒုက္ခ၊ အခွင့်အရေးဆုံးရှုံးမှု၊ အပယ်ခံများ ဂုဏ်သိက္ခာ ရှိစွာရှင်သန်ရေး၊ ဒုက္ခသည်များ၊ ရွှေ့ပြောင်းများ၊ နေရပ်စွန့်ခွာထွက်ပြေးရသူများ၊ ဌာနေ တိုင်းရင်းသား

များ၏ စိုးရိမ်မှုများ၊ ဂုဏ်သိက္ခာရှိပြီး၊ လုံခြုံသော နေရာရရှိရေး၊ဖြုန်းတီးခံနေရသော သဘာဝတရားများ၏ ငိုညည်းသံ၊ ရာသီဥတုပြောင်းလဲခြင်း၊ ကမ္ဘာကြီးပူနွေးလာမှု၊ လုံလောက်သောဂရုစိုက်မှုပေးရန် တောင်းဆိုမှု၊ သာသနာတော်ကြီးအတွင်း၌ လည်းကောင်း၊ လူမှုအသိုင်းအဝိုင်း၌လည်းကောင်း လူငယ်များအဓိပ္ပါယ်ရှိရှိဖြင့် မိမိတို့၏ အတွေးအမြင်များကို ကိုဖော်ထုတ်နိုင်ရန်၊သာသအတွင်း၌ အမျိုးသမီးများအားလည်းနွေးထွေးစွာ ပွေ့ပိုက်နေရာပေးရေး၊ ၎င်းတို့၏ ဂုဏ်သိက္ခာကိုလေးစားခြင်း၊ လူမှန်နေရာမှန်စွာ သုံးရန်၊ မိသားစုများသည် ပို၍တည်ငြိမ်ပြီး၊ အားလုံးထံမှ အထောက်အပံ့ ရရေးကိုရှာဖွေနေသည်။ထို့အတူအောက်ပါအခြေအနေများကိုလည်းအထူးစိုးရိမ်ကြောင်း၊နာကျင်ခံစား နေရသောအချို့သာသနာများ၏ဝေဒနာကို သက်တောင့်သက်သာဖြစ်အောင် စာနာစိတ်၊ မျှကူခံထမ်းပေးရန်၊ အစွန်းရောက်တို့၏အသံများကျယ်လောင်စွာထွက်ပေါ်လာမှုကို အမြော်အမြင် ကြီးစွာဖြင့်တုန့်ပြန်ပေးရန်၊လူ့အသက်ကိုအထူးလေးစားကာကွယ်တတ်ခြင်းသည် လူမှုအသိုင်းအဝိုင်း အတွင်း၌ လုပ်ဆောင်ရန် ၊ကျွန်ုပ်တို့၏တိုက်ကြီးအတွင်း အကြမ်းဖက်မှု၊ ပဋိပက္ခာများ တိုးပွားလာနေမှုသည် တွေ့ဆုံဆွေးနွေးရေးကိုတောင်းဆိုနေကြောင်း၊ လူမှုအသိုင်းအဝိုင်းသည် နည်းပညာ၏စိန်ခေါ်ချက်ပြောင်းလဲမှု ကိုရင်ဆိုင်နေရသည်။ ဤနည်းပညာ၏စိန်ခေါ်ချက်သည် အကျိုးလည်းရှိ သကဲ့သို့ ဆိုးကျိုးများကိုလည်းရှိသည်။ ဆုတောင်းခြင်းနှင့်လက်တွဲလုပ်ဆောင်ခြင်း အားကိုပြု၍ချစ်ခြင်း၊ စာနာခြင်း၊ တရားမျှတခြင်း၊ ခွင့်လွှတ်ခြင်း၌ ဤစိန်ချက်များကိုတုန့် ပြန်လိုပါသည်။ငြိမ်းချမ်းခြင်းနှင့်ပြန်ကြေအေးသင့်မြတ်ခြင်းသည်တစ်ခုတည်းသောရှေ့ဆက်ရန်နည်းလမ်းဖြစ်သည်ဟုယုံကြည်ပါသည်။ အချင်းချင်းနားထောင်ခြင်းနှင့် တရားတော်နှင့်ညီသော ဆန်းစစ်မှုကို အခြေခံသည့်နည်းလမ်းသစ်များဖြင့်တမန်တော်လုပ်ငန်း များကိုဖော်ဆောင်ရန် အမြင်များကိုရရှိခဲ့ကြသည်။ ဧဝံဂေလိတရားတော်နှင့်ရဟန်းမင်းကြီးဖရန်စစ်၏သွန်သင်မှုများကို အခြေခံ၍ ကျွန်ုပ်တို့သည်သွားရောက်ရန်ခက်ခဲသည့်နေရာများသို့ အရောက်သွားမည်ဟု မိဌာန်ပြုသည်။ ကျွန်ုပ်တို့အကူအညီလိုအပ်ဆုံးသူများ ထံသို့ဂမ်းမြောက်ဂမ်းသာသွားရောက် အစေခံရန် ခေါ်တော်မူခြင်းခံရသည်။

ကျွန်ုပ်တို့သည်တမန်တော်လုပ်ငန်းနှင့်သဘာဝပတ်ဝန်းကျင်ကိုအပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲရေးဖြစ်သည့် ‘ကမ္ဘာမြေကြီး၏ ငိုကြွေးသံနှင့်ချို့တဲ့နွမ်းပါးသူတို့၏ ငိုကြွေးသံကို နားစွင့်တုန့်ပြန်ရန်ခေါ်တော်မူခြင်းခံရသည်။ကျွန်ုပ်တို့သည် အချင်းချင်း၏လိုအပ်ချက်များကို ဖြည့်စွက်ခြင်းနှင့်သဟဇာတရှိစေရန် ခေတ်ကာလ၊ အသင်းအဖွဲ့၏လိုအပ်ချက်ကို စိတ်ရင်းကောင်း ဖြင့်ဆွေးနွေးတင်ပြချက်ကို နားစွင့်တတ်ရန်ခေါ်တော်မူခြင်းခံရသည်။ ကျွန်ုပ်တို့သည် သက်ဝင် ယုံကြည်မှုမတူ၊ ထုံးတမ်းမတူ၊ ယဉ်ကျေးမှုမတူသော နီးစပ်သူညီအစ်ကိုမောင်နှမများနှင့် ငြိမ်းချမ်းရေးနှင့် သင့်မြတ်ခြင်း ယဉ်ကျေးမှုကိုတိုးမြင့်လုပ်ဆောင်ရမည်။ ကျွန်ုပ်တို့တို့သည် ဘာသာရေး

အသိုင်းဝိုင်းအတွင်း ဥဒ္ဓသာသဟာဇာတရှိရန် ကြိုးစားရုံမကဘဲ နိုင်ငံ၏အစိုးရနှင့် လည်းကောင်း၊ အစိုးရမဟုတ် သည့်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် လည်းကောင်း ချိပ်ဆက်၍ လူ့အခွင့်အရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေး၊ လူကုန်ကူးမှု၊ ကမ္ဘာမြေကြီးအား စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် အခြားသောဘုံလုပ်ငန်းများကို လုပ်ဆောင်မည်ဟု အဓိဌာန် ပြုပါသည်။

ကျွန်ုပ်တို့အချင်းချင်းကိုနားထောင်ခြင်းသည် ဘုရားသခင်၏ အသံတော်ကိုနားထောင်ခြင်း ဖြစ်သောကြောင့် အချင်းချင်းကိုနားထောင် တတ်သောယဉ်ကျေးမှုကိုလည်း တိုးမြင့်လုပ်ဆောင်ရန် လိုသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌လည်းကောင်း၊ ကျွန်ုပ်တို့၏ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးမိသားစုများနှင့် အဖွဲ့အစည်းများအား အဖော်ပြုရာ၌လည်းကောင်း၊ အထူးသဖြင့် ခက်ခဲနေသော အခြေအနေ၌ရှိနေသောသူများအား ကူညီနိုင်ရန်မှာ ကျွန်ုပ်တို့ကိုယ်တိုင်ဦးစွာ ပြုပြုပုံသွင်းပြီး ပြောင်းလဲမည်ဟုရည်ရွယ်ပါသည်။ ဤအဓိဌာန်နှင့်ဆုံးဖြတ်ချက်သစ်များကို အတူတကွဖော်ဆောင်လျှောက်လှမ်းခြင်းဖြင့် ကမ္ဘာကြီးအားရက်ရောသော ဆက်ကပ်ခြင်းဖြင့် အသုံးတော်ခံလျှက်ရှိသည်။ ထို့အတူ ကက်သလစ်သာသနာတော်ကြီးသည် အာရှတိုက်ကြီးကို ပိုမိုကောင်းမွန်သော တိုက်ကြီးဖြစ်လာစေ ရန်ကြိုးစားလုပ်ဆောင်ပံ့ပိုးပေးလျှက်ရှိသည်ကိုလည်း အာမခံလျှက်ရှိသည်ကိုအသိပေးနိုင်သည်။ သင်တို့အားလုံးအတွက် ကျွန်ုပ်တို့ဆုတောင်းပေးမည်ဟု ကတိပြုသကဲ့သို့ သင်တို့လည်း ကျွန်ုပ်တို့အားလုံးအတွက် ဆုတောင်းပေးကြပါ။ လူသားအကျိုး နှင့်ဖန်ဆင်းခြင်းအား လုံးအတွက် အတူတကွခရီးဆက်ကြပါစို့ ..........

ထိုင်းနိုင်ငံ၏မြို့တော် ဘန်ကောက်၊ (အောက်တိုဘာ ၃၀၊ ၂၀၂၂)